## တင်ဒါအောင်မြင်သူ၏ တာဝန်

တင်ဒါအောင်မြင်သူများအနေဖြင့် အစိုးရဌာနအဖွဲ့အစည်းများမှ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်း၊ ယာဉ်နှင့် စက်ကိရိယာ၊ ပရိဘောဂ ဝယ်ယူရေးလုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်၊ အထူးကုန်စည်ခွန်နှင့် ဝင်ငွေခွန် စသည့် အခွန်အမျိုးအစားများအား ပေးဆောင်ရန် တာဝန်ရှိပါသည်။

## ကုန်သွယ်လုပ်ငန်းခွန်

တင်ဒါအောင်မြင်သူများအနေဖြင့်-

- နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ပါ ကုန်စည်များ၊ ပုဒ်မခွဲ (ဃ) ပါ ဝန်ဆောင်မှုများအတွက် တင်ဒါရရှိခြင်းဖြစ်ပါက ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရန် မလိုအပ်ပါ။
- အဆိုပါကုန်စည်နှင့် ဝန်ဆောင်မှုများမှအပ ကျန်ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် တင်ဒါရရှိခြင်းဖြစ်ပါက ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးဆောင်ရမည် ဖြစ်ပါသည်။
- စာချုပ်တန်ဖိုးအရ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို တင်ဒါအောင်မြင်သူအမည်ဖြင့် သက်ဆိုင်ရာ အခွန်စည်းကြပ်မှုခံယူသည့်ရုံးတွင် ပေးသွင်းရမည် ဖြစ်ပါသည်။

## တံဆိပ်ခေါင်းခွန်

တင်ဒါအောင်မြင်သူများအနေဖြင့် အစိုးရဌာနအဖွဲ့အစည်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုရာတွင်-

- မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေဇယား(၁)၊ အမှတ်စဉ် ၅(ဂ)အရ တန်ဖိုးအပေါ် ၁% ပေးဆောင်ရပါမည်။ သို့ရာတွင် အများဆုံးပေးဆောင်ရမည့် တံဆိပ်ခေါင်းခွန်မှာ ကျပ် ၁၅ဝ,ဝဝဝ ဖြစ်ပါသည်။
- ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်အား တင်ဒါအောင်မြင်သူက ပေးဆောင်ရမည် ဖြစ်ပါသည်။

## အထူးကုန်စည်ခွန်

မော်တော်ယာဉ်ရောင်းချခြင့် တင်ဒါအောင်မြင်သူများ အနေဖြင့် ဘက်ထရီ လျှပ်စစ်သုံးလူစီးယာဉ်များ ထုတ်လုပ်/တင်သွင်းရောင်းချခြင်း ဖြစ်ပါက အထူးကုန်စည်ခွန် ၅ ရာခိုင်နှုန်း ပေးဆောင်ရပါမည်။

Double Cab 4 Door Pickup ကားများအပါအဝင် Pickup ကားများမှအပ ၁၅ဝ၁ CC နှင့်အထက် ဗင်ကားများ၊ ဆလွန်း၊ ဆီဒင် နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ ထုတ်လုပ်/တင်သွင်းရောင်းချခြင်း ဖြစ်ပါက အောက်ပါနှုန်းထားများအတိုင်း အထူးကုန်စည်ခွန် ပေးဆောင်ရပါမည် -

အထူးကုန်စည်ခွန်နှုန်းများမှာ -

- ၁၅ဝ၁ CC မှ ၂ဝဝဝ CC အထိ = ၁ဝ ရာခိုင်နှုန်း
- ၂ဝဝ၁ CC မှ ၄ဝဝဝ CC အထိ = ၃ဝ ရာခိုင်နှုန်း
- ၄ဝဝ၁ CC နှင့် အထက် = ၅ဝ ရာခိုင်နှုန်း

## ဝင်ငွေခွန်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၄၇/၂ဝ၁၈ အရ အစိုးရဌာန အဖွဲ့အစည်းများသည် တင်ဒါစနစ်ဖြင့် နိုင်ငံတော်အတွင်း ပစ္စည်းဝယ်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ပေးစေခြင်းတို့အတွက် ငွေပေးချေသည့်အချိန်တွင် ကျသင့်သောဝင်ငွေခွန်ကို နုတ်ယူပေးသွင်းရမည်ဖြစ်ပါသည် -

- ပြည်တွင်းနေနိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားသို့ ပေးချေခြင်းဖြစ်ပါက ပေးချေငွေအပေါ် ၂%၊ ပြည်ပနေနိုင်ငံခြားသားသို့ ပေးချေခြင်းဖြစ်ပါက ပေးချေငွေအပေါ် ၂.၅% နုတ်ယူပေးသွင်းရပါမည်။
- ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန် Withholding Tax ကို နုတ်ယူထားသူသည် ထိုသို့ နုတ်ယူထားသည့်နေ့မှ(၁၅)ရက်အတွင်း အသေးစိတ် အချက်အလက်များနှင့်အတူ သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံး၏ ဘဏ်စာရင်းသို့ ပေးသွင်းရမည် ဖြစ်ပါသည်။
- ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန် Withholding Tax အား တင်ဒါအောင်မြင်သူ အမည်ဖြင့်သာ ပေးသွင်းရမည် ဖြစ်ပါသည်။ ဌာနအဖွဲ့အစည်းအမည်ဖြင့် ပေးသွင်းခြင်းမပြုရပါ။

## အခွန်တွက်ချက်ခြင်း

အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် တင်ဒါအောင်မြင်သူ လုပ်ငန်းရှင်များ၏ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကုန်စည်ပေးသွင်းခြင်း စသည့်လုပ်ငန်းများအတွက် ပေးသွင်းရမည့် ကုန်သွယ်လုပ်ငန်းခွန်နှင့် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်ကို အောက်ပါအတိုင်း တွက်ချက်နိုင်ပါသည်-

- အစိုးရလုပ်ငန်းဌာနမှ လေလံတင်ဒါအောင်မြင်သည့်ကုမ္ပဏီ/ လုပ်ငန်းသို့ ပေးချေငွေ = ၂၁,ဝဝဝ,ဝဝဝိ/-
- ကုန်သွယ်လုပ်ငန်းခွန် ၅% (၂၁,ဝဝဝ,ဝဝဝ x ၅/၁ဝ၅) = ၁,ဝဝဝ,ဝဝဝိ/-
- ကုန်သွယ်လုပ်ငန်းခွန် မပါ ပေးချေငွေ (၂၁,ဝဝဝ,ဝဝဝ-CT) = ၂ဝ,ဝဝဝ,ဝဝဝိ/-
- Withholding Tax ၂% = ၄ဝဝ,ဝဝဝိ/-
- Withholding Tax ၂.၅ % (ပြည်ပနေ နိုင်ငံခြားသား) = ၅ဝဝ,ဝဝဝိ/-

## အခွန်ခုနှိမ်ပေးဆောင်ခြင်း

- ကုန်သွယ်လုပ်ငန်းခွန် ပေးသွင်းရာတွင် ကုန်စည်ဝယ်ယူစဉ် သို့မဟုတ် ကုန်စည်တင်သွင်းစဉ် သို့မဟုတ် ဝန်ဆောင်မှုရယူစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်အား ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများနှင့်အညီ ခုနှိမ်ပေးသွင်းနိုင်ပါသည်။
- တင်ဒါရရှိသူက ပြည်ပမှ ကိုယ်တိုင်တင်သွင်းစဉ် ကြိုတင်ဝင်ငွေခွန် ၂% ပေးဆောင်ခဲ့ပါက ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် Withholding Tax ပေးသွင်းချိန်တွင် သက်ဆိုင်ရာ အခွန်ရုံး၏ စိစစ်ထောက်ခံချက်အရ ခုနှိမ်ပြီးလိုငွေကိုသာ ပေးသွင်းရမည် ဖြစ်ပါသည်။
- အစိုးရဌာနအဖွဲ့အစည်းများမှ ဝင်ငွေခွန်မှ နုတ်ယူပေးသွင်းထားခြင်းမှာ ကြိုတင်ဝင်ငွေခွန်သာဖြစ်၍ ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် Withholding Tax အား စည်းကြပ်မှုအရ ကျသင့်အခွန်မှ ခုနှိမ်ပေးမည် ဖြစ်ပါသည်။

**နမူနာ (၁)**

ကွန်ပျူတာအလုံး ၂၀ တင်သွင်းရန် တင်ဒါတန်ဖိုးမှာ ကုန်သွယ်လုပ်ငန်းခွန် အပါ ကျပ်သိန်း ၂၁၀ဖြစ်လျှင် ကုန်သွယ်လုပ်ငန်းခွန်မှာ ကျပ် ၁၀ သိန်း ပေးဆောင်ရမည်ဖြစ်ပါသည်။ ယင်းကွန်ပျူတာများအား ပြည်ပမှတင်သွင်းစဉ်က သို့မဟုတ် ဝယ်ယူစဉ်က ကျပ် ၆ သိန်း ပေးဆောင်ခဲ့ပြီး ဖြစ်ပါက **ကုန်သွယ်လုပ်ငန်းခွန်** စည်းမျဉ်းများနှင့်အညီခုနှိမ်၍ ကျပ် ၄ သိန်း သာ ထပ်မံပေးဆောင်ရန် လိုအပ်ပါသည်။

**နမူနာ (၂)**

တင်ဒါတန်ဖိုးစုစုပေါင်းသည် (ကွန်ပျူတာတင်ဒါတင်သွင်းမှု နမူနာ (၁) ပါအတိုင်း) ကျပ်သိန်း ၂၁၀ ဖြစ်ပါက ယင်းတန်ဖိုးမှ ကြိုတင်ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၁၀ သိန်း နုတ်ပြီးကျန်ငွေ ကျပ်သိန်း ၂၀၀ အပေါ် ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန် Withholding Tax ကျပ် ၄ သိန်း ကျသင့်မည်ဖြစ်ပါသည်။ ယင်းပစ္စည်းများအား ပြည်ပမှ ကိုယ်တိုင်တင်သွင်းစဉ်က ကြိုတင်ဝင်ငွေခွန် ကျပ် ၂ သိန်းပေးဆောင်ခဲ့ရပါက ထပ်မံလိုအပ်သည့် အခွန်ငွေ ကျပ် ၂ သိန်းအား နုတ်ယူပေးသွင်းရမည်ဖြစ်ပါသည်။

**နမူနာ (၃)**

အဆောက်အဦဆောက်လုပ်ခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် အပါ ကျပ် သိန်း ၄၂၀၀ ဖြင့် တင်ဒါရရှိထားသူသည် ကုန်သွယ်လုပ်ငန်းခွန် ကျပ်သိန်း ၂၀၀ ကျသင့်သော်လည်း ယင်းအဆောက်အဦဆောက်လုပ်ရန်အတွက် ကုန်ပစ္စည်းများ တင်သွင်းခြင်း/ ဝယ်ယူခြင်း၊ အဆောက်အဦဒီဇိုင်းရေးဆွဲခြင်း၊ အကြံညာဏ်များ တောင်းခံခြင်း/ လုပ်ငန်းအတွက် ကြိုးကြပ်ဆောင်ရွက်ခများ စသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ကုန်သွယ်လုပ်ငန်းခွန် ကျပ်သိန်း ၁၂၀ ပေးဆောင်ခဲ့ပြီးဖြစ်ပါက ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ ခုနှိမ်၍ ကျပ်သိန်း ၈၀ သာ ထပ်မံပေးဆောင်ရန် လိုအပ်ပါသည်။

## အခွန်ခုနှိမ်ခွင့်ရရှိရန် တင်ပြရမည့် စာရွက်စာတမ်းများ

တင်ဒါအောင်မြင်သူ လုပ်ငန်းရှင်များအနေဖြင့် အခွန်ခုနှိမ်ခွင့်ရရှိရေးအတွက် အောက်ပါအထောက်အထားများ ပူးတွဲလျက် သက်ဆိုင်ရာအခွန်ရုံးသို့ လိပ်မူ၍ လျှောက်ထားရမည် ဖြစ်ပါသည် -

- တင်ဒါအောင်မြင်သူ၏အခွန်ခုနှိမ်ပေးဆောင်ခွင့်ပြုပါရန်တင်ပြစာ
- တင်ဒါစာချုပ်မိတ္တူ (ထိုက်သင့်တံဆိပ်ခေါင်းခွန်ပါပြီး)
- ကုမ္ပဏီဖြစ်ပါကကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ
- သွင်းကုန်ကြေညာလွှာ (မူရင်း/ မိတ္တူ)
- ပတခ (ကသခ)-၀၅-၀၁၊ ၀၅-၀၂၊ ၀၅-၀၃ (မူရင်း/ မိတ္တူ)
- အခွန်ခုနှိမ်ပေးသွင်းလိုသည့် လုပ်ငန်းရှင်နှင့် ပတခ(ကသခ)-၀၅-၀၁ ထုတ်ပေးသူနှစ်ဦးစလုံး၏ ကုန်သွယ်လုပ်ငန်းခွန် လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ပတခ(ကသခ)-၀၁-၀၂ မိတ္တူ

## ဒဏ်ကြေးငွေပေးဆောင်စေခြင်း




ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် Withholding Tax ကို သတ်မှတ်ထားသည့်ကာလအတွင်း ပေးသွင်းရန်ပျက်ကွက်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၄၊ ပုဒ်မခွဲ (ဃ) အရ ပေးဆောင်ရန် ပျက်ကွက်သော ပမာဏ၏ ၁၀% ကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် ဖြစ်ပါသည်။

### ဂရုပြုရမည့်အချက်များ

- အစိုးရဌာန အဖွဲ့အစည်းများအနေဖြင့် တင်ဒါရရှိသူများ၏ အခွန်ပေးသွင်းမှုအား ကြီးကြပ်ရန် တာဝန်ရှိပါသည်။
- အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် တင်ဒါအောင်မြင်သူထံမှ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ပေးသွင်းပြီးဖြစ်ကြောင်း အထောက်အထား/ငွေသွင်းချလန်(မူရင်း)ကို စိစစ်ပြီးမှသာ ငွေပေးချေရန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကို ပင်ရင်းမှဖြတ်တောက်ပေးသွင်းသည့် ဝင်ငွေခွန် (Withholding Tax) ကဲ့သို့ ဖြတ်တောက်ပေးသွင်းရန် မဟုတ်ဘဲ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ပြီး/ မပြီးကိုသာ စိစစ်ပေးရန်ဖြစ်ပါသည်။ ကုန်သွယ်လုပ်ငန်းခွန် ချလန် (မူရင်း) နှင့် တိုက်ဆိုင်စိစစ်ပြီးပါက ချလန် မိတ္တူကိုသာ လက်ခံအဖြစ်ရယူထားရမည်ဖြစ်ပါသည်။ Withholding Tax ကိုမူ ငွေပေးချေချိန်တွင် နုတ်ယူ၍ သတ်မှတ်ထားသည့် ကာလအတွင်း အသေးစိတ်အချက်အလက်များပေးပို့၍ အခွန်ထမ်းအမည်ဖြင့် ပေးသွင်းရန် ဖြစ်ပါသည်။
- တင်ဒါတင်သွင်းသူများသည် အခွန်ကင်းရှင်းကြောင်းလက်မှတ်ကို တင်ဒါမတင်သွင်းမီ သတ်မှတ်ပုံစံဖြင့် သက်ဆိုင်ရာအခွန်ရုံးတွင် လျှောက်ထားရမည်ဖြစ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်)၊ အမှတ်-၁၂၈/၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း ၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇- ၃၄၃၀၅၄၄၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊လမ်း ၆၀၊ ၁၀၁(A) x၁၀၂ လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

# တင်ဒါအောင်မြင်သည့်လုပ်ငန်းများအတွက် အခွန်ကျသင့်မှုများ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

https://www.ird.gov.mm

**“Tax by the Law, Service by our Heart”**